	1	US$ Sale	858.00		5148.00	918.90		5513.00	980.60		5884.00	1040.70		6244.00	1101.60		6610.00
	2	Kyat Sale		364832.00	364832.00		380250.00	380250.00		397800.00	397800.00		397800.00	397800.00		397800.00	397800.00
		Total Income	858.00	364832.00	369980.00	918.90	380250.00	385763.00	980.60	397800.00	403684.00	1040.70	397800.00	404044.00	1101.60	397800.00	404410.00
2		Cost Of Product															
	1	Raw Material In US$															
	2	Raw Material In Kyats		302500.00	302500.00		317125.00	317125.00		332750.00	332750.00		332750.00	332750.00		332750.00	332750.00
		Total		302500.00	302500.00		317125.00	317125.00		332750.00	332750.00		332750.00	332750.00		332750.00	332750.00
		Gross Profit	858.00	62332.00	67480.00	918.90	63125.00	68638.00	980.60	65050.00	70934.00	1040.70	65050.00	71294.00	1101.60	65050.00	71660.00
3		Expenditures															
	1	Salary & Wages		16200.00	16200.00		16500.00	16500.00		17000.00	17000.00		17500.00	17500.00		17500.00	17500.00
	2	Electricity		16100.00	16100.00		16300.00	16300.00		16900.00	16900.00		17300.00	17300.00		17300.00	17300.00
	3	Selling		6000.00	6000.00		6200.00	6200.00		6400.00	6400.00		6600.00	6600.00		6800.00	6800.00
	4	Land Lease		6495.00	6495.00		6495.00	6495.00		6495.00	6495.00		6495.00	6495.00		6495.00	6495.00
	5	Other Expenses		4743.00	4743.00		4788.00	4788.00		4642.00	4642.00		4706.00	4706.00		4500.00	4500.00
	6	Depreciation		7562.00	7562.00		7562.00	7562.00		7562.00	7562.00		7562.00	7562.00		7562.00	7562.00
	7	Commercial Tax	85.80		515.00	91.89		551.00	98.06		588.00	104.07		624.00	110.16		661.00
		Sub - Total	85.80	57100.00	57615.00	91.89	57845.00	58396.00	98.06	58999.00	59587.00	104.07	60163.00	60787.00	110.16	60157.00	60818.00
		Net Profit	772.20	5232.00	9865.00	827.01	5280.00	10242.00	882.54	6051.00	11347.00	936.63	4887.00	10507.00	991.44	4893.00	10842.00
		Income Tax										140.49	1466.00	2309.00	148.72	1468.00	2360.00
		Total Net Profit	772.20	5232.00	9865.00	827.01	5280.00	10242.00	882.54	6051.00	11347.00	796.14	3421.00	8198.00	842.72	3425.00	8482.00

Note:- (1) Exchange Rate 1 US$ = Kyats 6.00

(2) Commercial Tax is calculated at the rate of 10% for US$ and Kyats Sale Only.

(3) Income Tax have been provided 15 % on net profit in US $ and 30 % on net profit in Kyats.

GENERAL FOOD TECHNOLOGY INDUSTRY CO., LTD

CAPITAL COST

(Kyats In Thousand) Exhibit No. IX

Sr. No	Particulars	Kyat	US $	Kyat
1	2	3	4	5
1	**INVESTMENT TYPE**			
A	**Local Capital**			
1	In Cash (Kyats)	5000.00	-	5000.00
2	In Land	-	-	-
3	In Building	62000.00		62000.00
3	In Machineries & Equipments	12120.00		12120.00
4	In Furnitures & Office Equipments	1500.00	-	1500.00
	Total Capital	80620.00	-	80620.00

GENERAL FOOD TECHNOLOGY INDUSTRY CO., LTD

RECOUPMENT PERIOD

(Kyats in Thousand)

Exhibit No. X

Sr No		Particulars		Year 1	Year 2	Year 3	Year 4	Year 5	Year 6	Year 7	Year 8	Year 9	Year 10
1		2	3	4	5	6	7	8	9	10	11	12	13
p		Cash In Flow											
	1	Profit (Loss) After Tax		9865	10242	11347	8198	8482	8482	8482	8482	8482	8482
	2	Depreciation		7562	7562	7562	7562	7562	7562	7562	7562	7562	7562
				17427	17804	18909	15760	16044	16044	16044	16044	16044	16044
2		Cash Out Flow Investment											
	1	In Cash	5000										
	2	In Land	-										
	3	In Building	62000										
	4	Machineries & Equipment	12120										
	5	Furniture & Equipment	1500										
			80620										
	3	TOTAL NET PROFIT		17427	17804	18909	15760	16044	16044	16044	16044	16044	16044
	4	OPENING BALANCE		-80620	-63193	-45389	-26480	-10720	5324	21368	37412	53456	69500
	5	ACCUMULATIVE NET PROFIT	-80620	-63193	-45389	-26480	-10720	5324	21368	37412	53456	69500	85544

Note:(1) Pay Back Period is 4 Years & 8 Months.

	Kyats	Period	
Year 1 To 4	-10720	4	Years
Year5(10720 /16044)*12 months	10720	8	Months
	0	4Year & 8	Months

GENERAL FOOD TECHNOLOGY INDUSTRY CO., LTD

FOREIGN EXCHANGE SAVING & LOCAL KYAT SAVING

Exhibit No.XI

PARTICULARS	UNIT	Year-1	Year-2	Year-3	Year-4	Year-5-10
Income In US $	US$ 000	858.00	918.90	980.60	1040.70	1101.60
Equivalent In Kyats	Ks 000	5148.00	5513.00	5884.00	6244.00	6610.00
Local Sale In Kyats	Ks 000	364832	380250	397800	397800	397800
Total Income In Kyats	Ks 000	369980	385763	403684	404044	404410
FOREIGN EXCHANGE SAVINGS						
Earning In US $	US$ 000	858.00	918.90	980.60	1040.70	1101.60
Cost Of Production FE	US$ 000	-	-	-	-	-
Expenditure In FE	US$ 000	85.80	91.89	98.06	104.07	110.16
Income Tax	US$ 000	-	-		140.49	148.72
Total Expenditure in F.E	US$ 000	85.80	91.89	98.06	244.56	258.88
F.E Net Saving	US$ 000	772.20	827.01	882.54	796.14	842.72
LOCAL KYAT SAVINGS						
Local Income In Kyats	Ks 000					
Earning From Local Sales	Ks 000	364832	380250	397800	397800	397800
Cost Of Production in Kyats	Ks 000	302500	317125	332750	332750	332750
Expenditure in Kyats	Ks 000	49538	50283	51437	52601	52595
Income Tax	Ks 000	-	-	-	1466	1468
Total Expenditure In Kyats	Ks 000	352038	367408	384187	386817	386813
Local Kyats Net Saving	Ks 000	12794	12842	13613	10983	10987

GENERAL FOOD TECHNOLOGY INDUSTRY CO., LTD
INTERNAL RATE OF RETURN

(In Million)
Exhibit No. XII

Year	Investment (Cash Out Flow)	Net Profit	Depreciation	Total Cash in Flow	Cash Flow	DCF		DCF	
						DF 5%	DCF	DF 25%	DCF
0	80.620				-80.620	1.000	-80.620	1.000	-80.620
1		9.865	7.562	17.427	17.427	0.952	16.591	0.800	13.942
2		10.242	7.562	17.804	17.804	0.907	16.148	0.640	11.395
3		11.347	7.562	18.909	18.909	0.864	16.337	0.512	9.681
4		8.198	7.562	15.760	15.760	0.823	12.970	0.410	6.462
5		8.482	7.562	16.044	16.044	0.784	12.578	0.328	5.262
6		8.482	7.562	16.044	16.044	0.746	11.969	0.262	4.204
7		8.482	7.562	16.044	16.044	0.711	11.407	0.210	3.369
8		8.482	7.562	16.044	16.044	0.677	10.862	0.168	2.695
9		8.482	7.562	16.044	16.044	0.645	10.348	0.134	2.150
10		8.482	7.562	16.044	16.044	0.614	9.851	0.107	1.717
							48.441		-19.743

Internal Rate Of Return = 5+20(48.441/68.184)
= 5+20(0.710)
= 5+14.20
= 19.20 %

H.O

MYANMA LIVESTOCK AND FISHERIES
DEVELOPMENT BANK LTD.
HEAD OFFICE

No. - 2 AUG 2006 19

To

General Food Technology Industry Co. Ltd
No. 205, Summit Parkview Hotel,
No. 350, Ahlone Road, Dagon Township.
Yangon.

Dear Sir,

We hereby certify that the balance standing at the credit of the account of G.42 (001113000 3197)
with Myanma Livestock and Fisheries Development Bank Ltd. . Yangon. at the close of business on the 1.8.2006. was K 67,009,987/50.
(Kyats Sixty seven million nine thousand nine hundred eighty seven and Pyas fifty only.

Yours Faithfully,

Manager
ASSISTANT GENERAL MANAGER
MYANMA LIVESTOCK AND FISHERIES
DEVELOPMENT BANK LIMITED

ပြည်ထောင်စုမြန်မာနိုင်ငံတော်

ရှေ့နေချုပ်ရုံး

စာအမှတ်၊ ၂ (၅၂) ၃/ ၁၀၈ (ဠ၄၁)

ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

အကြောင်းအရာ။ ငါးလုပ်ငန်း ဦးစီးဌာနနှင့် General Food Technology Industry Company Limited တို့ ချုပ်ဆိုမည့် မြေငှားစာချုပ် (မူကြမ်း) အပေါ် သဘောထားမှတ်ချက် တောင်းခံခြင်းကိစ္စ

ရည် ညွှန်း ချက်။ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဦးစီးဌာန၏ ၁၇. ၈. ၀၅ ရက်စွဲပါ စာအမှတ် ညက/ ၂၃၀၀/ ၁၀၀/ ၁၉၀၆

၁။ ငါးလုပ်ငန်း ဦးစီးဌာနနှင့် General Food Technology Industry Company Limited တို့ ချုပ်ဆိုမည့် အင်းမိန်မြို့နယ်၊ အနောက်ကြို့ကုန်း မြေငှားရမ်းမည့်စာချုပ် (မူကြမ်း)အပေါ် သဘောထားမှတ်ချက် ပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် မေတ္တာရပ်ခံလာသော ကိစ္စဖြစ်ပါသည်။

၂။ ပူးတွဲပေးပို့လာသော စာချုပ်(မူကြမ်း)မှာ ဤရုံးမှ စိစစ်ပေးခဲ့သော ငါးလုပ်ငန်း ဦးစီးဌာနနှင့် ပုဂ္ဂလိက ကုမ္ပဏီများ ချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း)များနှင့် အလားတူပြုစုထားကြောင်း တွေ့ရှိရပါသဖြင့် ဥပဒေကြောင်းအရ အထူးမှတ်ချက်ပြုရန် မရှိပါ။ စာချုပ်(မူကြမ်း)တွင် ရည်ညွှန်းထားသော နောက်ဆက်တွဲများ ပူးတွဲပါရှိလာခြင်း မရှိသဖြင့် စာချုပ်လက်မှတ်ရေးထိုးချိန်တွင် ပြည့်စုံစွာ ပူးတွဲထားရန် နှင့် လိုအပ်သောနေရာများတွင် မင်နီဖြင့် အနည်းငယ်ပြင်ဆင်ဖြည့်စွက် ပေးလိုက်ပါသည်။

၃။ တံဆိပ်ခေါင်းအက်ဥပဒေအရ တံဆိပ်ခေါင်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် မရရှိသေးလျှင် ကျသင့်သော တံဆိပ်ခေါင်းခွန်ကို အငှားချထားခြင်း ခံရသူက ထမ်းဆောင်ရမည် ဖြစ်ပါသည်။

၄။ General Food Technology Industry Company Limited သည် တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီ ဟုတ်မဟုတ်၊ စာချုပ်ပါ လုပ်ငန်းများကို ဆောင်ရွက်ရန် ငွေကြေးအင်အား ပြည့်စုံမှုရှိမရှိ၊ ဆောင်ရွက်နိုင်စွမ်း ရှိမရှိ၊ လက်မှတ်ရေးထိုးမည့် ပုဂ္ဂိုလ်သည် တရားဝင် လွှဲအပ်ခြင်း ခံရသူ ဟုတ်မဟုတ် စသည်တို့ကို သက်ဆိုင်ရာ စာရွက်စာတမ်းများ တောင်းယူ၍ ကြိုတင် စိစစ်သင့်ပါသည်။

၅။ ဤစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုပြီးပါက မှတ်တမ်းတင်ထားရှိနိုင်ရန် မိတ္တူ (၃) စောင် ပေးပို့ပါရန် မေတ္တာရပ်ခံ အပ် ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(မေဒင်၊ ညွှန်ကြားရေးမှူး)

ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့် ရေလုပ်ငန်း ညွှန်ကြားမှု ဦးစီးဌာန

၁-၇-၁၅

(မူကြမ်း)

"BOT စနစ်ဖြင့် မြေငှားရမ်းခြင်း သဘောတူစာချုပ်"

ဤမြေငှားရမ်းခြင်း သဘောတူစာချုပ်ကို ၂၀၀ ခုနှစ်၊ -------------------- လ၊ -------ရက်နေ့တွင် ရန်ကုန်မြို့၌ ပြုလုပ်ချုပ်ဆိုသည်မှာ -

ဦးသန်းထွန်း (ညွှန်ကြားရေးမှူးချုပ်) ကိုယ်စားပြုသော ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ (နောင်တွင်"အငှားချထားသူ" ဟုခေါ်တွင်စေပြီး ယင်းစကားရပ်တွင်စာသားအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင်ကွဲလွဲခြင်းမရှိပါက ၎င်း၏ဆက်ခံခွင့် ရှိသူများ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါ ပါဝင်သည်ဟု မှတ်ယူရမည်) က တစ်ဖက်

နှင့်

ဦးမျိုးညွန့် (မန်နေးဂျင်းဒါရိုက်တာ) ကိုယ်စားပြုသော မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ တရားဝင်မှတ်ပုံတင် ဖွဲ့စည်းတည်ထောင်ထားသည့် အများနှင့်မသက်ဆိုင်သော မြန်မာကုမ္ပဏီဖြစ်ပြီး ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ အင်းလျားမြိုင်လမ်း၊ အမှတ် (၃၆)တွင် တည်ရှိသည့် GENERAL FOOD Technology Industry Company Limited. (နောင်တွင် "အငှားချထားခြင်းခံရသူ" ဟု ခေါ်တွင်စေပြီး ယင်းစကားရပ်တွင် စာသားအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း ရှေ့နောက်ဆန့်ကျင်ကွဲလွဲခြင်းမရှိပါက ၎င်း၏ဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ၊ အမွေဆက်ခံသူများနှင့် တရားဝင်ကိုယ်စားလှယ်များပါ ပါဝင်သည်ဟု မှတ်ယူရမည်) က အခြားတစ်ဖက်တို့သည် ဤမြေငှားရမ်းခြင်းသဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်း ပြုလုပ်ချုပ်ဆိုကြပါသည်။

<u>အပိုဒ် (၁) ရည်ရွယ်ချက်</u>

၁ - ၁ အငှားချထားသူသည် မိမိတရားဝင် အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ (၂/၂)၊ မြေဧရိယာ ၃. ၅၆ ဧက (၁၄၄၃၄. ၃) စတုရန်းမီတာရှိမြေအား တရားဝင်ပိုင်ဆိုင်သူဖြစ်ပါသည်။ အငှားချထားသည့် မြေနှင့်စပ်လျဉ်းသည့် မြေပုံနှင့်မြေပိုင်ဆိုင်မှုအထောက်အထားများကို နောက်ဆက်တွဲ (၁) အဖြစ် ပူးတွဲဖော်ပြအပ်ပါသည်။

၁-၂ အငှားချထားခြင်း ခံရသူသည် အငှားချထားသူပိုင် အငှားချထားသည့်မြေပေါ်တွင် နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံတည်ဆောက်၍ ငါးပုစွန်များ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းရပ်များကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

အပိုဒ်(၂) ကိုယ်စားပြုခြင်းနှင့် အာမခံခြင်း

၂-၁ ဤစာချုပ်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုကြသည့် စာချုပ်ဝင်များအနက် အငှားချထားသူသည် ငှားရမ်းသည့်မြေကို ဥပဒေနှင့်အညီ တရားဝင် ပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် အငှားချထားခြင်း ခံရသူသည် သက်ဆိုင်ရာဥပဒေများအရ ဤစာချုပ်ပါ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသော ပုဂ္ဂိုလ်များဖြစ်ပြီး ဤစာချုပ်ကို ချုပ်ဆိုနိုင်ရန် ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသူ၊ အခွင့်အာဏာနှင့် စီးပွားရေးအရ ငွေရေး ကြေးရေး ခိုင်မာတောင့်တင်းသူများဖြစ်ကြောင်း အသီးသီးအာမခံကြပါသည်။

အပိုဒ်(၃) ကြိုတင်စည်းကမ်း သတ်မှတ်ချက်များ

၃-၁ ဤစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း သက်ဆိုင်ရာ အစိုးရဌာန၊ အာဏာပိုင်အဖွဲ့ အစည်းများထံမှ ရယူရန် လိုအပ်သော အတည်ပြုချက်များ၊ ခွင့်ပြုမိန့်များ ရရှိပြီးမှသာ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် သတ်မှတ်ထားပါသည်။

အပိုဒ်(၄) ဥပဒေအရ ဆောင်ရွက်ခြင်း

၄-၁ ဤစာချုပ် ပြုလုပ်ချုပ်ဆိုကြသူများသည် စာချုပ်ပါ တာဝန်ဝတ္တရားများ၊ လုပ်ငန်းအကောင်အထည် ဖော်မှုများ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

အပိုဒ်(၅) ငှားခြင်းခြင်းကာလ

၅-၁ ဤစာချုပ်ပါ ငှားရမ်းခြင်းကာလမှာ ဤစာချုပ်အကျိုးသက်ရောက်သည့်နေ့မှစ၍ ကနဦး(၁၀)နှစ် ဖြစ်ပါသည်။

၅-၂ ကနဦး(၁၀)နှစ်ကာလပြည့်မြောက်ပြီးနောက် တစ်နှစ်တစ်ကြိမ်ငှားရမ်း စာချုပ်ဖြင့် (၅)နှစ်အထိ ဝေပမ်တိုးမြှင့်ငှားရမ်း ခွင့်ရှိစေရမည်။

၅-၃ ငှားရမ်းခြင်းသက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုးမြှင့်ခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှတဆင့် အစိုးရအဖွဲ့အစည်းသို့တင်ပြ၍ အတည်ပြုချက် ရရှိမှသာ အကျိုးသက်ရောက်မှုရှိစေရမည်။

၅-၄ အငှားချထားသူသည် အငှားချထားသည့်မြေကို ဤစာချုပ်အား တရားဝင်အတည်ပြု လက်မှတ် ရေးထိုးသည့် နေ့မှစ၍ အငှားချထားခြင်း ခံရသူသို့ လွှဲပြောင်းပေးအပ်ရမည်။

အပိုဒ်(၆) စာချုပ်အကျိုးသက်ရောက်သည့်နေ့

၆-၁ ဤစာချုပ်သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီးနောက် စာချုပ်ဝင်ပုဂ္ဂိုလ်များ နှစ်ဦးနှစ်ဖက် တရားဝင် အတည်ပြု လက်မှတ်ရေးထိုး ချုပ်ဆိုသည့်နေ့မှစတင်၍ အကျိုး သက်ရောက်မှု ရှိစေရမည်။

အပိုဒ်(၇) ငှားရမ်းခ ပေးချေခြင်း

၇-၁ အငှားချထားခြင်း ခံရသူသည် အငှားချထားသည့်မြေအား ငှားရမ်းခြင်းအတွက် နှစ်စဉ်ငှားရမ်းခ ငွေကျပ် ၆၄၈၅၄၃၅၀/- (ကျပ် ခြောက်ဆယ့်လေးသိန်းကိုးသောင်းငါးထောင့်လေးရာသုံးဆယ့်ငါးတိတိ)ကို ပထမဦးဆုံးငှားရမ်းသည့် ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်သက်ဆိုင်ရာနှစ် ပထမလ၏ ပထမ(၇)ရက်အတွင် အငှားချထားသူသို့ ကြိုတင် ပေးချေရမည်။

၇-၂ ဤသဘောတူစာချုပ်ဝင် ပုဂ္ဂိုလ်များသည် ငှားရမ်းခနှုန်းထားများကို (၅)နှစ်လျှင်တစ်ကြိမ် ပြန်လည်စိစစ် သုံးသပ်ခွင့် ရှိသည်။ ယင်းသို့ ပြန်လည်စိစစ်ရာတွင် ပြီးခဲ့သော(၅)နှစ်ကာလအတွက် နှစ်စဉ်ငှားရမ်းခ နှုန်း၏ (၁၅)%ထက် မပိုစေရန် သဘောတူညီကြပါသည်။

အပိုဒ်(၈) အငှားချထားသူ၏ တာဝန်များ

၈-၁ အငှားချထားသူသည် အောက်ပါတာဝန် ဝတ္တရားများကို လိုက်နာဆောင်ရွက်ရမည် -

(၁) အငှားချထားသည့် မြေကွက်အတွက် မြေခွန်ကို ပေးဆောင်ရမည်။

(၂) အငှားချထားခြင်းခံရသူ၏ ဤစာချုပ်ပါ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် ကူညီဖြည့်ဆည်း ပေးရမည်။

(၃) လိုအပ်သော ခွင့်ပြုချက်များ၊ မှတ်ပုံတင်များ၊ လိုင်စင်များကို သက်ဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အဖွဲ့အစည်းများထံမှ ရယူရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(၄) အငှားချထားခြင်းခံရသူက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့် များ လျှောက်ထားရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(၅) အငှားချထားသည့် မြေတွင်စာချုပ်ပါလုပ်ငန်းများအတွက် အဆောက်အအုံများကို တည်ဆောက်မှုများ ပြုလုပ်နိုင်ရန် အငှားချထားခြင်း ခံရသူသို့ ခွင့်ပြုရမည်။

အပိုဒ် (၉) အငှားချထားခြင်းခံရသူ၏တာဝန်ဝတ္တရားများ

၉-၁ အငှားချထားခြင်း ခံရသူသည် အောက်ပါတာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရမည် -

(၁) အငှားချထားခြင်းခံရသူသည် နှစ်စဉ်ငှားရမ်းခငွေများကို ဤစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ သတ်မှတ် ထားသည့်ကာလအတွင်း အငှားချထားသူသို့ မပျက်မကွက်ပေးချေရမည်။

(၂) အငှားချထားစဉ်ကာလအတွင်း အငှားချထားသည့် မြေနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံ တည်ဆဲဥပဒေများအရ လိုအပ်သောခွင့်ပြုမိန့်များ၊ လိုင်စင်များရယူပြီး လုပ်ကိုင်ဆောင်ရွက်ရမည်။

(၃) အငှားချထားစဉ်ကာလအတွင်း အငှားချထားသည့် မြေပေါ်တွင် အအေးခန်းစက်ရုံနှင့် ငါးပုစွန်ပြုပြင် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အဆောက်အဦးများ တည်ဆောက်ခြင်း၊ လျှပ်စစ်မီးနှင့် ရေရှိရေးလုပ်ငန်းဆောင်ရွက်ခြင်း စသည်တို့ကို မိမိ၏ကုန်ကျစရိတ်ဖြင့် တာဝန်ယူ ဆောင်ရွက်ရမည်။

(၄) အငှားချထားသည့် မြေနှင့်ပတ်သက်၍ အဆိုပြုလုပ်ငန်းအား ဆက်လက်လုပ်ကိုင်ရန် တစ်ဆင့်ငှားရမ်းခြင်း၊ ထပ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း စသည်တို့ကို လုံးဝမပြုလုပ်ရ။

(၅) ဤမြေငှားရမ်းခြင်း သဘောတူစာချုပ်အတွက် ထိုက်သင့်သော တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်ရမည်။

(၆) အငှားချထားစဉ်ကာလအတွင်း မြေခွန်မှအပ အခြားအခွန်အခများအားလုံးကို ပေးဆောင်ရမည်။

(၇) ဤစာချုပ်ပါ လုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီး ဤစာချုပ်ကို လက်မှတ်ရေးထိုးသည့်နေ့မှစ၍ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ စောလျင်စွာ ဆောင်ရွက်ရမည်။

<u>အပိုဒ်(၁၀) အာမခံထားရှိခြင်း</u>

၁၀–၁ အငှားချထားခြင်း ခံရသူသည် ဤစာချုပ်ပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အာမခံချက်များကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ မြန်မာ့အာမခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထားရှိရမည်။

<u>အပိုဒ်(၁၁) ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း</u>

၁၁–၁ အငှားချထားခြင်းခံရသူသည် BOTစနစ်ဖြင့်ငှားရမ်းထားသည့်အတွက် ဤစာချုပ်ပါ ငှားရမ်းခြင်းကာလ ကုန်ဆုံးသည့်အခါ ဖြစ်စေ၊ ငှားရမ်းခြင်း ရပ်စဲသည့်အခါဖြစ်စေ၊ ယင်းသို့ ကုန်ဆုံးရပ်စဲသည့်နေ့မှ (၁၄)ရက်အတွင်း အငှားချထားသည့်မြေ၊ ယင်းမြေပေါ်ရှိ ဆောက်လုပ်ထားသော အဆောက်အအုံ အပါအဝင် ယင်းနှင့် ဆက်စပ်နေသော ပစ္စည်းများအားလုံး (ယင်းပစ္စည်းများတွင် တပ်ဆင်ပစ္စည်းများ၊ စက်ကိရိယာများ ပါဝင်ခြင်း မရှိစေရ)ကို အငှားချထားသူသို့ ကောင်းမွန်စွာ ပုံမှန်အသုံးပြုနိုင်သည့် အခြေအနေအတိုင်း အဖိုးစားနား မပါရှိဘဲ ပြန်လည်လွှဲပြောင်း ပေးအပ်ရမည်။

<u>အပိုဒ်(၁၂) ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ</u>

၁၂–၁ အငှားချထားခြင်း ခံရသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည် ပြုချက်နှင့်အညီ ခံစားခွင့်ရှိစေရမည်။

၁၂–၂ အငှားချထားခြင်း ခံရသူသည် လုပ်ငန်းဆိုင်ရာ အခွန်အခများကို တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့်အတိုင်း နည်းလမ်းတကျ ပေးဆောင်ရမည်။

<u>အပိုဒ်(၁၃) ဓါတ်သတ္တုအရင်းအမြစ်များ</u>

၁၃–၁ အငှားချထားခြင်း ခံရသူသည် အငှားချထားသည့်မြေတွင် ဤစာချုပ်ပါအတိုင်း လုပ်ငန်းဆောင်ရွက်စဉ် ကာလအတွင်း မမျှော်လင့်ဘဲ ဓါတ်သတ္တုအရင်းအမြစ်များ၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ ရှေးဟောင်းပစ္စည်းများ တွေ့ရှိလျှင် အငှားချထားသူထံသို့ ချက်ခြင်းအကြောင်းကြားရမည်ဖြစ်ပြီး ထိုပစ္စည်းကို အငှားချထားသူက ပိုင်ဆိုင်ရမည်။

၁၃-၂ အငှားချထားသူသည် အဆိုပါပစ္စည်းများကို သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး မည်သည့်အချိန်တွင်မဆို လွတ်လပ်စွာ တူးဖော်ရယူခွင့်ရှိစေရမည်။

အပိုဒ် (၁၄) စာချုပ်ရုပ်စဲခြင်း

၁၄·၁ ဤစာချုပ်ကို ပြုလုပ်ချုပ်ဆိုကြသူများသည် အောက်ဖော်ပြပါ အကြောင်းချင်းရာ တစ်ရပ်ရပ်ဖြစ်ပေါ်လာလျှင် စာချုပ်ရုပ်စဲခွင့်ရှိစေရမည် -

(၁) လုပ်ငန်းတွင် ကြီးမားစွာဆက်တိုက် အရှုံးပေါ်နေခြင်း။

(၂) ပဋိညာဉ်စာချုပ်ဝင် တစ်ဖက်မှ စာချုပ်ပါ တာဝန်ဝတ္တရားများ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(၃) ကြိုတင်မမျှော်မှန်းနိုင်သည့်အပြင် တားဆီးခြင်း မပြုနိုင်သော ပလွန်ဆန်နိုင်သည့် ဖြစ်ရပ်များပေါ်ပေါက်လာပြီး အဆိုပါဖြစ်ရပ်များသည် (၆)လတာ ကာလအထိ ကြာမြင့်ခြင်း။

(၄) လုပ်ငန်း၏ မူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်စွမ်းမရှိခြင်း။

(၅) စာချုပ်သက်တမ်းကုန်ဆုံးခြင်း။

၁၄-၂ ဤစာချုပ်ပါ လုပ်ငန်းကို ရုပ်စဲလိုကြောင်း နှစ်ဦးနှစ်ဖက်သဘောဆန္ဒဖြင့် တင်ပြလာလျှင် စာချုပ်ရုပ်စဲခွင့်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှတဆင့် အထက်အဖွဲ့အစည်း၏ ခွင့်ပြုချက်ရရှိပြီးမှသာ အတည်ဖြစ်စေရမည်။

အပိုဒ် (၁၅)မြေသို့ပြန်လည်ဝင်ရောက်နိုင်ခွင့်

၁၅·၁ အငှားချထားခြင်းခံရသူက ဤစာချုပ်ပါစည်းကမ်းချက်များကို ဆောင်ရွက်ရန် (သို့မဟုတ်) လိုက်နာရန် ပျက်ကွက်လျှင် လည်းကောင်း။ ထိုသို့ပျက်ကွက်ကြောင်း အငှားချထားသူက ချအပ်သောနို့တစ်စာပါကာလအတွင်း မဆောင်ရွက်နိုင်မှု (သို့မဟုတ်) မလိုက်နာမှုကို ပြင်ဆင်ပေးရန် ပျက်ကွက်လျှင်လည်းကောင်း၊ အငှားချထားသူသည် အငှားစာချုပ်နှင့်သက်ဆိုင် အကျုံးဝင်သော ပစ္စည်းတစ်ရပ်လုံးအပေါ်တွင် ငြိမ်းချမ်းအေးဆေးစွာ ပြန်လည်ဝင်ရောက်၍ လက်ရှိထားပိုင်ခွင့်ရှိရမည်။ ထိုအခါ အငှားစာချုပ်သည် ရုပ်စဲ၍ဆုံးခန်းတိုင်ရမည်ဟူ၍ နှစ်ဦးနှစ်ဖက် သဘောတူညီ ကြပါသည်။ ဤသို့စာချုပ်ရုပ်စဲခြင်း၊ မြေသို့ပြန်လည်ဝင်ရောက်နိုင်သည့် အခွင့်အရေးများသည် ဤစာချုပ်ပါ အငှားချ ထားသူက အငှားချထားခြင်းခံရသူထံမှ ရရှိမည့်အခွင့်အရေးများနှင့် တောင်းဆိုပိုင်ခွင့်များကို မထိခိုက်စေရ။

အပိုဒ် (၁၆) မလွန်ဆန်နိုင်သော ဖြစ်ရပ်များ

၁၆-၁ မလွန်ဆန်နိုင်သော ဖြစ်ရပ်များဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့်ရေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှု ပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်း စသည်တို့နှင့် စာချုပ်ဝင်တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့်ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူဖြစ်ရပ်များ ဖြစ်ပြီး၊ ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် မြေငှားရမ်း သုံးစွဲမှုကို ထိခိုက်ဆုံးရှုံးစေလျှင် အငှားချထားခြင်းခံရသူသည် အငှားချထားသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခံခွင့်မရှိစေရ။

၁၆-၂ ထိုသို့မလွန်ဆန်နိုင်သော ဖြစ်ရပ်များပေါ်ပေါက်လာပါက ယင်းဖြစ်ရပ်ဖြစ်ပေါ်သည့် အချိန်မှ (၁၄)ရက်အတွင်း အငှားချထားခြင်း ခံရသူသည် အငှားချထားသူသို့ ချက်ခြင်းစာဖြင့် ရေးသားအကြောင်းကြားရမည်။ အငှားချထားသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်ပြောက်ပြီး မြေအသုံးပြုခွင့်နှင့် တိုက်ရိုက်သက်ဆိုင်သော ဖြတ်တောက်ကာလ အပိုင်းအခြားအတွက် ငှားရမ်းခကို သက်သာခွင့်ပြုနိုင်သည်။

အပိုဒ် (၁၇) အနုညာတ စီရင်ဆုံးဖြတ်ခြင်း

၁၇-၁ ဤစာချုပ်နှင့်ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်း၍မရပါက ထိုအငြင်းပွားမှုကို တစ်ဖက်စီက တစ်ဦးစီခန့်ထားသော ခုံလူကြီးနှစ်ဦးဖြင့် ဖြေရှင်းရမည်။ ခုံလူကြီးနှစ်ဦးက ဖြေရှင်း မဆုံးဖြတ်နိုင်လျှင် ခုံလူကြီးနှစ်ဦးက ရွေးချယ်ခန့်ထားသော သမာဓိ လူကြီး၏ အဆုံးအဖြတ်ကို ခံယူရမည်။ ခုံလူကြီးနှစ်ဦး(သို့) သမာဓိလူကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည့်အပြင် နှစ်ဖက်အမှုသည်များ အပေါ်၌လည်း အတည်ဖြစ်စေရမည်။ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း များသည် ၁၉၄၄ ခုနှစ်၊ မြန်မာနိုင်ငံ အနုညာတစီရင်ဆုံးဖြတ်ခြင်း အက်ဥပဒေ (မြန်မာနိုင်ငံအက်ဥပဒေ အမှတ် ၄/၁၉၄၄)နှင့် နောက်ပိုင်းထုတ်ပြန်သော တည်ဆဲပြင်ဆင်ချက်များနှင့်အညီ ဖြစ်စေရမည်။ အနုညာတ စီရင်ဆုံးဖြတ်မည့်နေရာသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တွင် ဖြစ်စေရမည်။ အမှုအတွက် ကုန်ကျစရိတ်များကို အမှုရှုံးသူက ကျခံရမည်။

အပိုဒ် (၁၈) စာချုပ်အားပြင်ဆင်ရန် ညှိနှိုင်းခြင်း

၁၈-၁ ဤစာချုပ်တွင် ပါရှိသည့် စည်းကမ်းချက်များသည် လုပ်ငန်းများ အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါ ကြိုတင်မမျှော်မှန်းနိုင်သည့် အခြေအနေ တစ်ရပ်ရပ်ကြောင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်သည့်အခါ စာချုပ်ဝင်ပုဂ္ဂိုလ်များသည် နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းပြီး စာချုပ်ပါ စည်းကမ်းချက်များကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် မှတဆင့် အထက်အဖွဲ့အစည်း၏ အတည်ပြုချက်ရယူ၍ လိုအပ်သလိုပြန်လည် ပြင်ဆင်စေ့စပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

အပိုဒ် (၁၉) လျှို့ဝှက်ချက်

၁၉-၁ ဤစာချုပ်ကို လက်မှတ်ရေးထိုးကြသည့် နှစ်ဦးနှစ်ဖက်စလုံးသည် ကုမ္ပဏီစီးပွားအလို့ငှာ ဒါရိုက်တာ အဖွဲ့ခွင့်ပြုချက်မှအပ သတင်းအချက်အလက်များကို အခြားတတိယအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်း မပြုရ။

အပိုဒ် (၂၀) ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း

၂၀-၁ အငှားချထားခြင်းခံရသူသည် လုပ်ငန်းဆောင်ရွက်မည့်နေရာ ဒေသနှင့်ပတ်ဝန်းကျင်နေရာများအား ကောင်းစွာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရမည်။ ထို့ပြင် လေထု၊ ရေထု၊ မြေထုများ ညစ်ညမ်းခြင်းနှင့် အခြားပတ်ဝန်းကျင် ဆိုင်ရာ ထိခိုက်ပျက်စီးဆုံးရှုံးခြင်းများ မရှိစေရန်ကာကွယ် ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ရေများ သန့်စင်စေနိုင်သော စက်များတပ်ဆင်ပေးခြင်း၊ လေထုညစ်ညမ်းမှုများကို မဖြစ်ပေါ်စေရန် အခိုးအငွေ့နှင့် အညစ် အကြေးစွန့်ပစ်သည့် အစိတ်အပိုင်းများကို အန္တရာယ်ကင်းရှင်း ရေးဆိုင်ရာ လိုအပ်သော အကာအကွယ်များ၊ အစီအစဉ် များကို တည်ဆဲဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ထားရှိမည်။

အပိုဒ် (၂၁) အကြောင်းကြားစာ

၂၁-၁ နို့တစ်စာများ (သို့မဟုတ်) အခြားအချက်အလက် အကြောင်းကြားချက်များကို မြန်မာဘာသာဖြင့် ရေးသားပြီး စာတိုက်မှတ်ပုံတင် ချောစာဖြင့်ဖြစ်စေ၊ တဲလက်(စ်)ဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ၊ သက်ဆိုင်ရာအဖွဲ့သို့ ဆက်သွယ် ဆောင်ရွက်နိုင်သည်။ ဆက်သွယ်နိုင်ရန် လိပ်စာမှာ ဤစာချုပ်တွင် ဖော်ပြပါရှိသော တစ်ဖက်ဖော်ပြပါ လိပ်စာအတိုင်း ဖြစ်သည်။

(၁) “အငှားချထားသူ” အတွက်

(၁) အမည် ဦးသန်းထွန်း

(၂) ရာထူး ညွှန်ကြားရေးမှူးချုပ်

(၃) လိပ်စာ ငါးလုပ်ငန်းဦးစီးဌာန၊
ဆင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

(၄) ဖုန်းအမှတ် ၂၂၀၆၁၂/ ၂၂၅၂၆၀

(၅) တဲလက်(စ်)/ဖက်(စ်)အမှတ် ၉၅၁-၂၂၈၂၅၈

(၂) “အငှားချထားခြင်းခံရသူ” အတွက်

(၁) အမည် ဦးမျိုးညွန့်

(၂) ရာထူး မန်းနေဂျင်းဒါရိုက်တာ

(၃) လိပ်စာ GENERAL FOOD Technology Industry Company Limited.
အမှတ် (၃၆)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

(၄) ဖုန်းအမှတ် ၉၅၁-၆၈၄၈၁၆/ ၅၃၈၂၉၃/ ၅၁၂၄၉၅

(၅) တဲလက်(စ်)/ဖက်(စ်) အမှတ်

၂၁-၂ ယခုကဲ့သို့ စာရွက်စာတမ်းများကို ပေးပို့ဆက်သွယ်သည့်အခါများတွင် အခြားတစ်ဖက်မှ လက်ခံရရှိကြောင်း အထောက်အထားတစ်စုံတစ်ရာ ရရှိပြီးမှသာ ပေးပို့ခြင်းကို အတည်ပြုနိုင်သည်။ အကယ်၍ လိပ်စာအပြောင်းအလဲ ရှိပါက စာဖြင့်အခြားတစ်ဖက်သို့ ရေးသားအကြောင်းကြားရမည်။

<u>အပိုဒ် (၂၂) အထွေထွေ</u>

၂၂-၁ ဤစာချုပ်နှင့်တကွ ပူးတွဲဖော်ပြထားသည့် နောက်ဆက်တွဲများအားလုံးကို ဤစာချုပ်၏ အရေးကြီး အစိတ်အပိုင်းများအဖြစ် မှတ်ယူရမည်။


၂၂-၂ ဤစာချုပ်ပါ စည်းကမ်းချက်များသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူခွင့်ပြုမိန့် ရရှိပြီးမှသာ အတည်ဖြစ်စေရမည်။

ဤစာချုပ်ပါ စည်းကမ်းချက်များကို စာချုပ်ဝင်နှစ်ဦးနှစ်ဖက်တို့သည် ဖတ်ရှုသိရှိ နားလည်ကြပြီးဖြစ်၍ အောက်ပါအသိသက်သေများရှေ့မှောက်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရန်ကုန်မြို့၌ အထက်ပါ ခုနှစ်၊ လရက် နေ့တွင် အတည်ပြု လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

အငှားချထားသူ၏ (ကိုယ်စား)	အငှားချထားခြင်းခံရသူ၏ (ကိုယ်စား)
(ညွှန်ကြားရေးမှူးချုပ်) ငါးလုပ်ငန်းဦးစီးဌာန ဆင်မင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။	(မန်နေဂျင်းဒါရိုက်တာ) GENERAL FOOD Technology Industry Company Limited. အမှတ် (၃၆)၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။


<u>အသိသက်သေများ</u>

(၁) လက်မှတ်	------------------------	(၁) လက်မှတ်	----------------------------
အမည်	------------------------	အမည်	----------------------------
ရာထူး	------------------------	ရာထူး	----------------------------
နိုင်ငံသားစိစစ်ရေး	------------------------	နိုင်ငံသားစိစစ်ရေး	----------------------------
ကတ်ပြားအမှတ်	------------------------	ကတ်ပြားအမှတ်	----------------------------
လိပ်စာ	------------------------	လိပ်စာ	----------------------------
	------------------------		----------------------------
	------------------------		----------------------------




၁၉ ၈၇.../၈၈. ချုပ်သုံးမြေပုံ/မြို့မြေတိုင်းရင်းမှ ရေးကူး
သော ကောက်နုတ်ချက်မိတ္တူ မြေပုံ/မြေမှန်ဝင်ဖြစ်ပြီ
တိကျမှန်ကန်ကြောင်း တာဝန်ခံပါသည်။
(မြေပုံ/မြေမှာဌာန)

၁၉၈၇ ... (မြေပုံ ...) ... သည့် မိတ္တူမြေပုံ
သည့်ပေါက် အဒိုးရ
မြေတိုင်းရပ်ကွက်အမှတ် ၂၂ (သန်လျင်)
ကွင်း/ရပ်ကွက်အမှတ် သဃင်း
မြေကွက်အမှတ် -
မြေအမျိုးအစား အဒိုးရ
ဧရိယာ ၁၂၁.၂၀ ဧကခန့်
မြို့နယ် သန်လျင်
စကေး ၁" = ၄၀၀'
... တိုင်းဒေသကြီးအတည်ပြုပါသည်။
(ရ) မြို့ပြမြေသာယာနှင့်အဆောက်အဦဌာန မော်တော်...
(ပ) မြို့ပြမြေယာစီမံခန့်ခွဲမှုဌာန ဟော်တော်ဆိုင်ရာ
မြို့ပြမြေယာစီမံခန့်ခွဲမှုဌာန ...




GROUND FLOOR PLAN

ARCHITECTS & DESIGN NO 54, 2nd, PARAMI ROAD, HLAING TOWNSHIP, YANGON, MYANMAR. TEL : 95-1-652138	Owner OENERAL FOOD TECHNOLOGY INDUSTRY CO.,LTD.	project COLD STORAOE	title FLOOR PLAN	scale 1/16" = 1'-0"	JULY 2006	architectural drawings	L-1




ROOFING PLAN

UFO ARCHITECTS & DESIGN NO.54, 2nd, PARAMI ROAD, HLAING TOWNSHIP, YANGON, MYANMAR TEL : 95-1-652156	Owner GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD.	project COLD STORAGE	title ROOFING PLAN	scale 1/16" = 1'-0"	JULY 2006	architectural drawings	L-3




SIDE ELEVATION 1




FRONT ELEVATION

LEO ARCHITECTS & DESIGN NO.56, 2nd, PARAMI ROAD, HLAING TOWNSHIP, YANGON, MYANMAR. TEL : 95-1-652136	Owner GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD.	project COLD STORAGE	title ELEVATIONS	scale 1/16" = 1'-0"	JULY 2006	architectural drawings	L-4




SIDE ELEVATION 2




BACK ELEVATION

LEO ARCHITECTS & DESIGN NO.56, 2nd, PARAMI ROAD, HLAING TOWNSHIP, YANGON, MYANMAR. TEL : 95-1-657136	Owner GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD.	project COLD STORAGE	title ELEVATIONS	scale 1/16" = 1'-0"	JULY 2006	architectural drawings	L-5




SECTION A-A

LEO ARCHITECTS & DESIGN NO.56, 2nd, PARAMI ROAD, HLAING TOWNSHIP, YANGON, MYANMAR. TEL : 95-1-652134	Owner GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD.	project COLD STORAGE	title SECTION A-A	scale 1/8" = 1'-0"	JULY 2006	architectural drawings	L-6




SECTION B-B

LEO ARCHITECTS & DESIGN NO.56, 2nd, PARAMI ROAD, HLAING TOWNSHIP, YANGON, MYANMAR. TEL : 95-1-652156	Owner GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD.	project COLD STORAGE	title SECTION B-B	scale 1/8" = 1'-0"	JULY 2006	architectural drawings	L-"




FOUNDATION PLAN

LEO ARCHITECTS & DESIGN NO.54, 2nd, PARAMI ROAD, HLAING TOWNSHIP, YANGON, MYANMAR TEL : 95-1-65236	Owner GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD.	project COLD STORAGE	title FOUNDATION PLAN	scale 1/16" = 1'-0"	JULY 2006	architectural drawings	1-8





STRIP FOOTING DETAIL (FOR 15'-0" SPAN)



STRIP FOOTING DETAIL (FOR 12'-0") SPAN

LEO ARCHITECTS & DESIGN NO 54 ,2nd, PARAMI ROAD, HLAING TOWNSHIP, YANGON, MYANMAR TEL : 95-1-652136	Owner GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD.	project COLD STORAGE	title STRIP FOOTING DETAIL	scale 1/4" = 1'-0"	JUNE 2006	structural drawings	L-9





GENERAL FOOD

Technology Industry Company Limited.

No.36, Inyamyaing Road. Bahan Township. Yangon.

Tel: 95-1-684816/538293/512495

မီးဘေးကြိုတင်ကာကွယ်မှု အထောက်အထားတင်ပြခြင်း

ကျွန်တော်တို့ GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD. အနေဖြင့် ငါး၊ပုစွန် ပြုပြင်အေးခဲသည့် အအေးခန်းစက်ရုံနှင့် ရေခဲစက်ရုံတည်ဆောက်၍ ငါး၊ ပုစွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီခွင့်ပြုမိန့်လျှောက်ထားခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့၏ကုမ္ပဏီအနေဖြင့်ငါး၊ ပုစွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ရာတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုအနေဖြင့် ရေဂါလံ(၅၀၀၀၀)ဆန့်ရေလှောင်ကန်ကို တည်ဆောက်ထားရှိမည်ဖြစ်ပါသည်။စက်ရုံအဆောက်အအုံမှာလည်းမီးလောင်မှုမှကာကွယ်ရန် သံကူကွန်ကရစ် (R.C) ဖြင့်တည်ဆောက်ထားပြီး ရေပုံး၊ မီးကပ်၊ သဲအိတ်၊ မီးသတ်ဘူးများကို အဆင်သင့်ထားရှိမည်ဖြစ်ပါသည်။ စက်ရုံရှိ နံရံများတွင် မီးသတ်ဘူးများ ချိတ်ဆွဲထားရှိမည် ဖြစ်ပါသည်။ ထို့ပြင်စက်ရုံတွင် မီးဘေးအန္တရာယ်အတွက် စည်းကမ်းချက်များ ချမှတ်ထားပြီး ယင်းတို့ကို ဝန်ထမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရန်လည်း စီမံထားရှိပါသည်။ ဝန်ထမ်းများကိုလည်း မီးဘေးအရေးပေါ်ကာကွယ်နိုင်ရန် မီးသတ်နည်းပညာများ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။ စက်ရုံအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကို တင်းကျပ်စွာတားမြစ်ထားရှိခြင်းနှင့် လျှပ်စစ်နှင့်ပတ်သက်သည့် အန္တရာယ်များမဖြစ်ပေါ်အောင် လည်းဆောင်ရွက်ထားရှိမည်ဖြစ်ပါသည်။

လေးစားစွာဖြင့်

Myo Nyunt
Managing Director
General Food Technology
Industry Co., Ltd.

GENERAL FOOD

Technology Industry Company Limited.

No.36, Inyamyaing Road. Bahan Township. Yangon.
Tel: 95-1-684816/538293/512495

GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD. ၏ အအေးခန်းတွင်သုံးစွဲရေသန့်စင်မှုစနစ် (WASTE WATER TREATMENT SYSTEM)အစီအစဉ်အားတင်ပြခြင်း။

ကျွန်တော်များ GENERAL FOOD TECHNOLOGY INDUSTRY CO.,LTD.၏ အအေးခန်းစက်ရုံတွင် တစ်နေ့အတွက် Processing, Washing & Peeling Room များမှသုံးစွဲမည့်ရေဂါလံပမာဏမှာ (၅၀၀၀) ခန့်ရှိမည်ဟုခန့်မှန်းထားပါသည်။ ၎င်းသုံးစွဲသောရေများကို ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန်အတွက် အောက်ပါအတိုင်းဆောင်ရွက်သွားပါမည်။


စက်ရုံမှထွက်ရှိလာမည့်ငါး/ပုစွန် အစရှိသည့်အခွံများ၊အစအနများကို Processing, Washing & Peeling Room များအတွင်းရှိ ရေထုတ်မြောင်းဝများတွင် ဇကာများခံ၍ အဆင့်ဆင့်ဖယ်ထုတ်ပြီးစနစ်တကျထုတ်ပိုးသယ်ဆောင်ခြင်း၊ဖျက်ဆီး၍စွန့်ပစ်ခြင်းများပြုလုပ်ပေးပါမည်။ လေထုနှင့်ရေများ ညစ်ညမ်းမှုမရှိစေရန် ပမာဏအနေဖြင့် ကာကွယ် ထားရှိပါမည်။

အထက်ပါအတိုင်းဆောင်ရွက်ပြီး၍ ကျန်ရှိသောသုံးစွဲပြီးရေများကိုလည်းကောင်း၊ ကလိုရင်း (Chlorine) 100ppm ထည့်ထားသောရေဖြင့် ကြမ်းခင်းများ၊ ရေမြောင်းများကို ဆေးကြောထားသည့် ရေများကိုလည်းကောင်း၊ စစ်ဆေးကန် (Inspection Chamber) များ၊ ရေထုတ်ပိုက်များမှ အဆင့်ဆင့်ဖြတ်သန်းကာရေညစ်ထိန်းကန်(Waste Water Treatment Tank) သို့ရောက်ရှိစေပါမည်။

အဆိုပါရေညစ်ထိန်းကန်ရှိ ရေများကိုရေတားနံရံ (Barrior Wall) ဖြင့်အနည်ဖတ်များကိုတားဆီးစေပြီးနောက်၊ လေဖြင့်ထိတွေ့သန့်စင်ကန် (Sludge Drying Tank) ဖြင့် ထပ်မံ၍ သန့်စင်စေပါသည်။ ထို့နောက် ရေစစ်ကန် (Filter) ၂ခုဖြင့် ရေကြည်များရရှိစေရန် ဆက်လက် ဖြတ်သန်းစေပါသည်။ အဆိုပါရေကြည်များကို အနည်ထိုင်ကန် (Clarifier) တွင် အနည်ထိုင်စေပြီး ရေထုညစ်ညမ်းမှုမဖြစ်နိုင်သော အရည်ကြည်များကိုသာ ရရှိလာမည်ဖြစ်ပါသည်။ ၎င်းရေကြည် များကို ရေပန့် (Centrifugal Pump) အသုံးပြု၍ ဘုရင့်နောင်ချောင်းမှတဆင့် လှိုင်မြစ်အတွင်း သို့ စွန့်ပစ်မည်ဖြစ်ပါသည်။

Myo Nyunt
Managing Director
General Food Technology
Industry Co., Ltd.

FLOW SHEET FOR WASTE WATER TRRATMENT SYSEM



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ....၉၇၀............... / ၂၀၀၁ - ၂၀၀၂

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေအရ အထွေထွေစားသောက်ကုန်နည်းပညာ စက်မှုကုမ္ပဏီ လီမိတက် .... အား ပေးရန်တာဝန် ကန့်သတ်ထားသော လီမိတက် ကုမ္ပဏီအဖြစ် ၂၀၀၂ ခုနှစ်၊ ......မတ်...... လ ...၅... ရက်နေ့တွင် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

(သိင်္ဂီတင်)

ကုမ္ပဏီများမှတ်ပုံတင်အရာရှိ

ကုမ္ပဏီများမှတ်ပုံတင်ရုံး

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

No. ....970............ of 2001 - 2002

I here by certify that ....GENERAL FOOD TECHNOLOGY............ INDUSTRY COMPANY LIMITED .... is this day incorporated under the Myanmar Companies Act and that the company is Limited.

Given under my hand at Yangon this ......FIFTH...... day of ......MARCH, TWO THOUSAND AND TWO.......

စက်ရုံအလုပ်ရုံတည်ရှိရာအရပ်သည်
စက်မှုလက်မှုဇုန်တွင်ဖြစ်စေရမည်။
သို့မဟုတ်လူနေရပ်ကွက်နှင့်ကင်းလွတ်
ရာအရပ်၌ဖြစ်စေရမည်။

(THEINGI TIN)

Registrar of Joint Stock Companies

Companies Registration Office

• ဖေး: /

FORM XXVI

PARTICULARS OF DIRECTORS, MANAGERS AND MANAGING AGENTS AND OF ANY CHANGES THEREIN

(Myanmar Companies Act, See Section 87)

Name of Company : GENERAL FOOD TECHNOLOGY INDUSTRY CO., LTD.

Presented by : U MYO NYUNT

The present christian name or names of surnames	Nationality, National Registration Card No.	Usual Residential Address	Other Business Occupation	Changes
1. U Myo Nyunt	Myanmar BHN - 016083	No.36, Inya Myaing Road, Bahan Township, Yangon.	Merchant	Appointed as Managing Director w.e.f. 27.6.2005.
2. Daw Yin Myat Thu	Myanmar 12/ Ya Ka Na (Naing) 001884	No.H-22, FMI City, Hlaing Tharyar Township, Yangon.	Merchant	Appointed as Director w.e.f. 27.6.2005.

NOTE : (1) A complete list of the Directors or Managers or Managing Agents shown as existing in the last particulars.

(2) A note of the changes since the last list should be made in the column for "Changes" by placing against the new Director's name the word "in place of. .... and by writing against any former Director's name the word "dead" "resigned" or as the case may be giving the date of change against the entry.

Dated this 27.6.2005.

Signature ....

Myo Nyunt

Designation .... Managing Director

General Food Technology Industry Co., Ltd.